*အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှုကော်မရှင် (USCIRF) သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သီးခြားရပ်တည်လျက် ကွဲပြားသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အမေရိကန်အထက်လွှတ်တော်မှ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်း ဘာသာရေးလွတ်လပ်မှုကို စောင့်ကြပ်ကြည့်ရှုပြီး သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်တို့ကို အကြံပြုချက်များပေးသည့် သီးခြားရပ်တည်လျက် နိုင်ငံရေးပါတီနှစ်ရပ်ပါရှိသည့် အမေရိကန်ပြည်ထောင်စု အကြံပြုအဖွဲ့အစည်း ဖြစ်ပါသည်။ USCIRF သည် ဤအကြံပြုချက်များကို ကျွန်ုပ်တို့၏ ပြဋ္ဌာန်းဥပဒေအရ လုပ်ပိုင်ခွင့်အာဏာ၊ နိုင်ငံတကာလူ့အခွင့်အရေး ကြေငြာစာတမ်းနှင့် အခြားသော နိုင်ငံတကာစာချုပ်စာတမ်းများတွင်တွေ့ရှိရသည့် အဆင့်အတန်းများပေါ်တွင် အခြေခံထားပါသည်။ ၂၀၁၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာသည် နယ်မြေဒေသရှိမတရားဖိနှိပ်မှုများအား မှတ်တမ်းတင်ထားရန်နှင့် အမေရိကန်အစိုးရထံ မူဝါဒရေးရာ သီးခြား အကြံပြုချက်များ ပေးရန် မဟာမင်းကြီးများနှင့် ကျွမ်းကျင်သူပညာရှင်ဝန်ထမ်းများ၏ တစ်နှစ်စာအလုပ်၏ အထွတ်အထိပ်ပင်ဖြစ်ပါသည်။ ၂၀၁၅ နှစ်ပတ်လည်အစီရင်ခံစာတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ အကြောင်းအရာများ ဖော်ပြထားပါသည်။ သို့ရာတွင် အချို့ အကြောင်းအရာများမှာ ၄င်းအချိန်အပိုင်းအခြားနောက်ပိုင်းတွင် ပေါ်ပေါက်သည့် အရေးပါသော အဖြစ်အပျက်များဖြစ်ပါသည်။*

## မြန်မာနိုင်ငံ

အဓိကတွေ့ရှိချက်များ။ ။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ဘာသာရေးလူနည်းစုနှင့် တိုင်းရင်းသားလူနည်းစုများ၊ အထူးသဖြင့် ရိုဟင်ဂျာ မူဆလင်များသည် ၄င်းတို့အားလက်မခံနိုင်မှု၊ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုများနှင့် ဆက်လက်ကြုံတွေ့ခဲ့ရပါသည်။ ဘာသာရေးလူနည်းစုနှင့် တိုင်းရင်းသားလူနည်းစုများအား ဆန့်ကျင်သည့် တယူသန်သဘောထားနှင့် လူမျိုးကြီးဝါဒတို့မှာ နေရာတကာပိုမိုပျံ့နှံ့ခဲ့ပြီး အချို့ ကိစ္စများတွင် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းမှ ဘာသာရေးပုဂ္ဂိုလ်များက လှုံ့ဆော်ခဲ့ကြပြီး မြန်မာအစိုးရမှ ဝင်ရောက်ဖျန်ဖြေခြင်း၊ သင့်တော်စွာစုံစမ်းစစ်ဆေးခြင်း၊ မတရားဖိနှိပ်မှု ကျူးလွန်သူများအား အချိန်မီ ပွင့်လင်းမြင်သာစွာ အရေးယူခြင်းများ ပြုလုပ်ရန် လိုလားဟန်သိပ်မပြခဲ့ပါ။ တစ်ခါတစ်ရံတွင် အစိုးရမှ အကြမ်းဖက်မှုနှင့် လှုံ့ဆော်မှုများအား ရှုတ်ချခဲ့သော်လည်း သူတပါးအားလက်မခံနိုင်ခြင်းအပေါ် ပြစ်တင်ဝေဖန်ရန် ခိုင်မာ၍ တသမတ်တည်းရှိသော ခေါင်းဆောင်မှု ကင်းမဲ့ခြင်းကြောင့် မတရားဖိနှိပ်ချုပ်ချယ်မှုများမှာ အတော်အသင့် အပြန်အလှန်မဲ့ ဆက်လက်ပေါ်ပေါက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တစ်လျှောက် အင်တာနက်အသုံးပြုနိုင်မှု ကျယ်ပြန့်လာခြင်းနှင့် လူမှုရေးမီဒီယာတို့သည် လူနည်းစုအပေါ် အမုန်းတရားပြန့်ပွားစေခြင်းနှင့် အကြမ်းဖက်မှုများပေါ်ပေါက်စေခြင်းတို့တွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် လူမျိုးဘာသာ ခွဲခြားဆက်ဆံသည့် ဥပဒေကြမ်းလေးရပ် တင်သွင်းခဲ့ခြင်းမှာ ၄င်းအခြေအမြစ်မဲ့ မုန်းတီးမှုများ ပိုမိုအမြစ်တွယ် ခိုင်မာစေနိုင်ပါသည်။ ဤကဲ့သို့ စနစ်တကျ ဆက်လက်ပေါ်ပေါက်နေသော ကမ်းကုန်သည့် ချိုးဖောက်မှုများအပေါ်အခြေခံ၍ မြန်မာနိုင်ငံအား နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှုအက်ဥပဒေ (IRFA) အရ “အထူးစိုးရိမ်ဖွယ်ရာနိုင်ငံ” သို့မဟုတ် CPC ဟု သတ်မှတ်ရန် USCIRF မှ ဆက်လက်အကြံပြုပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအား ၁၉၉၉ ခုနှစ်မှ စ၍ CPC အဖြစ်သတ်မှတ်ခဲ့သည်မှာ မကြာသေးမီ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ ဖြစ်ပါသည်။

### နောက်ခံ

၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသို့ USCIRF မှ မဟာမင်းကြီးအဆင့် သွားရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ၄င်း၏တွေ့ရှိချက်များအား အထူးအစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ထိုသို့သွားရောက်လိုက်ခြင်းဖြင့် ဘာသာရေးလူနည်းစုနှင့် တိုင်းရင်းသားလူနည်းစုများ၊ အထူးသဖြင့် ရိုဟင်ဂျာမူဆလင်များအားဆန့်ကျင်သည့် ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများနှင့်ပတ်သက်၍ USCIRF ၏ စိုးရိမ်ချက်များအား အတည်ပြုရုံမက မြန်မာနိုင်ငံအား CPC အဖြစ် သတ်မှတ်သည်မှာ သင့်တော်ကြောင်းကိုလည်း ထင်ရှားစေခဲ့ပါသည်။

မြန်မာနိုင်ငံသည် အချိန်တိုအတွင်း သတိပြုမိလောက်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ပြီး ထိုလုပ်ငန်းစဉ်အား ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ ပို၍စေ့စေ့စပ်စပ်

အကြည့်ခံရနိုင်ဖွယ်ရှိပါသည်။ သို့ရာတွင် ၎င်းခြေလှမ်းများက ဘာသာရေးလွတ်လပ်ခွင့်၊ ၎င်းနှင့်ဆက်စပ်နေသည့် လူ့အခွင့်အရေး အခြေအနေများ စသည်တို့ကို ပိုမိုကောင်းမွန်လာစေခြင်း မရှိသေးသကဲ့သို့ ၎င်းဖိနှိပ်မှုများ ကျူးလွန်နေသူများ လျော့နည်းသွားစေရန် ပိုမိုကြိုးပမ်းရန် မြန်မာအစိုးရအား တွန်းအားပေးခြင်းလည်း မရှိသေးပါ။ လူဦးရေအများစုဖြစ်သည့် ၉၀ ရာခိုင်နှုန်းနီးပါးမှာ ဗုဒ္ဓဘာသာဝင်များ၊ လေးရာခိုင်နှုန်းမှာ မူဆလင်ဘာသာဝင်များ၊ လေးရာခိုင်နှုန်းမှာ ခရစ်ယာန်များနှင့် ကျန်သူများမှာ နတ်စားများ သို့မဟုတ် အခြားဘာသာကိုးကွယ်သူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဘာသာရေးလူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှု၊ သို့မဟုတ် ပစ်မှတ်ထား၍ ရာဇဝတ်မှုကျူးလွန်မှုတို့မှ လုံလောက်သည့်အကာအကွယ် ပေးထားခြင်းမရှိပါ။ ဘာသာရေးရပိုင်ခွင့်များ အကာအကွယ်ပေးထားမှု ပိုမိုခိုင်မာစေရန် သို့မဟုတ် တိုးမြှင့်ပေးရန် လက်ရှိဥပဒေများအား ပြုပြင်ပြောင်းလဲမည့်အစား ၎င်းလွတ်လပ်မှုများအား ပိုမိုထိခိုက်စေသည့် ဥပဒေများချမှတ်ရန် အစိုးရမှ ပံ့ပိုးပေးနေပါသည်။ ဥပမာ အမျိုးသားရေးစိတ်ဓာတ်ပြင်းပြသူ ဗုဒ္ဓဘာသာဝင်များ၏ လှုံ့ဆော်မှုနှင့် ဗဟိုအစိုးရ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် လွှတ်တော်ညီလာခံအား လူမျိုးဘာသာ ဥပဒေကြမ်းလေးရပ် ထည့်သွင်းစဉ်းစားခြင်းဖြင့် စတင်ခဲ့ပြီး ထိုဥပဒေကြမ်းများမှ ဘာသာကူးပြောင်းခြင်း၊ အိမ်ထောင်ပြုခြင်း၊ မီးဖွားခြင်းကိစ္စများတွင် ဘာသာရေးလူနည်းစုအားလုံးအပေါ် ပိုမိုတင်းကြပ်ကန့်သတ်ထားပါသည်။ ၎င်းဥပဒေကြမ်းများသည် မူဆလင်ဘာသာဝင်များ၏ ရပိုင်ခွင့်များအား ကန့်သတ်ရန်နည်းလမ်းတစ်ရပ် ဖြစ်ရုံမက ၎င်းဥပဒေရေးဆွဲသူများမှနေ၍ အကာအကွယ်ပေးမည့်သူများဟု အဆိုပြုနေသည့် အမျိုးသမီးများ၏ ရပိုင်ခွင့်များကိုပါ ကန့်သတ်လျက်ရှိသည်ဟု ဝေဖန်သူများက ဆိုကြပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ စုစုပေါင်း ၁၈၀ မှ ၎င်းဥပဒေကြမ်း လေးရပ်လုံးအား အခိုင်အမာဆန့်ကျင်သည့် ထုတ်ပြန်ချက် တစ်ရပ်ပြုလုပ်ခဲ့ပါသည်။ ၎င်းဥပဒေကြမ်းများအပေါ် လူသိရှင်ကြားဝေဖန်ခဲ့သူအချို့မှာ နှောင့်ယှက်ခံရပြီး အသက်အန္တရာယ်ခြိမ်းခြောက်မှုပင် ခံခဲ့ရပါသည်။

နိုင်ငံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ၎င်းအတွက်အရေးကြီးသည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသို့ ဦးတည်နေချိန်တွင် တိုင်းရင်းသားလူနည်းစုအဖွဲ့များနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး သဘောတူညီချက် ယခုအထိ မရှိသေးခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား အဓိပ္ပါယ်ရှိရှိ ပြောင်းလဲခြင်းမရှိသေးခြင်းတို့က လူတိုင်း၏ အာရုံကို လွှမ်းမိုးနေပါသည်။ နှစ် ၃၀ ကျော် ကာလအတွင်း မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကောက်ခံခဲ့သည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ရိုဟင်ဂျာ မူဆလင်များမှ ၎င်းတို့၏တိုင်းရင်းသားအား ရိုဟင်ဂျာဟု ဖော်ပြပါက များသောအားဖြင့် ထည့်သွင်းခြင်းမရှိဘဲ ကချင်ပြည်နယ်အများစုတွင် တိုင်းရင်းသားလူနည်းစုဦးရေ ကောက်ခံခဲ့ခြင်းမရှိပါ။ သမ္မတ ဦးသိန်းစိန်သည် ၂၀၁၃ ခုနှစ်ကုန်ဆုံးချိန်တွင် အစိုးရမှ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် ပေးထားသည့်ဂတိမတည်သည့်အပြင် သမ္မတအိုဘားမားနှင့် အခြားသူများအား လူသိရှင်ကြားပေးခဲ့သည့် အခြားသောဂတိအချို့လည်း ဖြည့်ဆည်းပေးခြင်း မရှိသေးပါ။ USCIRF သည် သမ္မတနှင့် ဘာသာရေးဝန်ကြီးဌာနတို့မှ ဖွဲ့စည်းခဲ့သည့် ဘာသာရေးအကြံပေး အထူးအဖွဲ့နှစ်ဖွဲ့စလုံးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပြီး ဘာသာရေးလွတ်လပ်မှု ကိစ္စများအပေါ်ထားရှိသည့် ၎င်းတို့၏ ဝိရောဓိဖြစ်နေသည့် သဘောထားအမြင်များအား စိုးရိမ်စရာအဖြစ် တွေ့ရှိခဲ့ပါသည်။

ကုလသမဂ္ဂအဆင့်မြင့်ကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့သွားရောက်ခဲ့ပြီး ဘာသာရေးလူနည်းစုများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ပတ်သက်၍ ၎င်းတို့၏စိုးရိမ်မှုများအား ထုတ်ဖော်ပြောကြားသည့်အခါ ရခိုင်ပြည်နယ်နှင့် နိုင်ငံတော်အဆင့်အရာရှိများနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများထံမှ ပြင်းထန်စွာ အပြစ်တင်ခြင်းများ၊ ဆန္ဒပြပွဲများ၊ ခါးသီးသည့် စကားလုံးအသုံးအနှုန်းများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

၂၀၁၄-၂၀၁၅ ဘာသာရေးလွတ်လပ်မှု အခြေအနေများ

မူဆလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုနှင့် ရိုဟင်ဂျာမူဆလင်များ၏ အတိဒုက္ခ။ ။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ရခိုင်ပြည်နယ် မြောက်ပိုင်း၌ ရိုဟင်ဂျာမူဆလင်များအား ဦးတည်အကြမ်းဖက်မှုကြောင့် အနည်းဆုံး လူ ၄၀ သေဆုံးခဲ့ပါသည်။ ရဲတစ်ဦး သာ အကြမ်းဖက်မှုကြောင့် သေဆုံးသည်ဟု အစိုးရစုံစမ်းစစ်ဆေးမှုမှ ကောက်ချက်ချခဲ့ပြီး နယ်စည်းမခြား ဆရာဝန်များ အသင်း (MSF) နှင့် အခြားအဖွဲ့အစည်းများမှ ရိုဟင်ဂျာအရပ်သား သေဆုံးမှုများအကြောင်း အချက်အလက်အသေးစိတ် ပေးခဲ့သော်လည်း ၎င်းတို့အား ငြင်းဆိုခဲ့ပါသည်။ MSF မှ ထိုလူသတ်မှုများအကြောင်း လူသိရှင်ကြား အစီရင်ခံခဲ့၍ မြန်မာနိုင်ငံမှ တစ်နှစ်နီးပါး နှင်ထုတ်ခံရခဲ့ပါသည်။ အခြားနိုင်ငံတကာ အဖွဲ့အစည်းများမှ ရိုဟင်ဂျာ မူဆလင်များ အား ပံ့ပိုးမှု ပေးသည့်အခါ ရခိုင်တစ်ပြည်လုံးမှ ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေချိန်တွင် ၎င်းတို့ကိုသာ တစ်ဖက်သတ် ပံ့ပိုးသည်ဟု မချင့်မရဲဖြစ်နေသော ရခိုင်ဗုဒ္ဓဘာသာဝင်များမှ မြင်၍ များသောအားဖြင့် တုံ့ပြန်မှုများကြောင့် ၎င်းတို့မှာ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ မူဆလင်များအား ထောက်ပံ့မှုများပေးရန် အခက်အခဲများ ရှိခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လ မန္တလေးမြို့ တွင် လူမျိုးရေးအကြမ်းဖက်မှုကြောင့် မူဆလင်အမျိုးသားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင် အမျိုးသားတစ်ဦးတို့ သေဆုံးခဲ့သည့်အပြင် ဗလီကျောင်းတစ်ကျောင်းနှင့် ထိုကျောင်းအတွင်းရှိ ကျမ်းစာအချို့ မီးလောင် ပျက်စီးခြင်း အပါအဝင် ထိခိုက်ဒဏ်ရာရမှုများနှင့် ပိုင်ဆိုင်မှုပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့ရပါသည်။ နောင်မှ မဟုတ် မမှန်ကြောင်း သက်သေပြနိုင်ခဲ့သည့် မုဒိန်းမှုအကြောင်း ဘလော့ဂ်တစ်ခုတွင် စွပ်စွဲတင်ပြထားသည့်အတွက် ထိုအဖြစ် အပျက် ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပြီး ၎င်းဘလော့ဂ်အား အွန်လိုင်းတွင်ဖြန့်ဝေခဲ့ပြီး အစွန်းရောက်ဘုန်းတော်ကြီး အရှင်ဝိရသူ၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် တင်ခဲ့ပါသည်။ အထူးသဖြင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဘာသာပေါင်းစုံမှ ဘာသာရေးနှင့် အရပ်ဖက်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည့် မန္တလေးမြို့ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုကော်မတီ၏ ကြိုးပမ်းချက်များနှင့် အဓိကရုဏ်းဖြစ်စဉ် ဝင်ရောက်ဖျန်ဖြေသူများသာ မပါဝင်ပါက တစ်မြို့ လုံး ညမထွက်ရအမိန့် ထုတ်ပြန်စေခဲ့ရသည့် အကြမ်းဖက်မှု ပိုမိုဆိုးရွားသွားနိုင်ပါသည်။ USCIRF မှ မန္တလေးမြို့ သို့ သွားရောက်ခဲ့ပြီး ငြိမ်းချမ်းရေး ထိန်းသိမ်းမှု ကော်မတီနှင့် တွေ့ဆုံခဲ့ပါသည်။

ယခင်လူမျိုးရေးအကြမ်းဖက်မှုများကြောင့် ပေါ်ပေါက်ခဲ့ရသည့် အိုးအိမ်မဲ့မှုများ ဆက်လက်ပေါ်ပေါက်နေပြီး ၎င်းတို့တွင် ၂၀၁၂ ခုနှစ် ဇွန်လမှ စ၍ ရခိုင်ပြည်နယ်တစ်ဝန်းရှိ ရိုဟင်ဂျာနှင့် အခြားသောမူဆလင်များ၊ ၂၀၁၃ ခုနှစ် မတ်လမှစ၍ မိတ္ထီလာရှိ မူဆလင်နှင့် ဗုဒ္ဓဘာသာဝင်များလည်း ပါပါသည်။ မိတ္ထီလာမြို့ ရှိ ပြည်တွင်းအိုးအိမ်မဲ့သူများ၏ စခန်းများသို့ USCIRF မှ သွားရောက်ခဲ့စဉ် လူမှုအသိုင်းအဝိုင်းနှစ်ရပ်လုံးအတွက် ရေရှည်ဖြေရှင်းချက်ပေါ်ပေါက်ရေးအတွက် တိုးတက်မှု များစွာလိုသေးကြောင်း တွေ့ရပါသည်။

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမူဆလင်များသည် ခွဲခြားဆက်ဆံမှု၊ ဩဇာကင်းမဲ့မှုနှင့် အခြေခံအခွင့်အရေးများ ကင်းမဲ့မှုတို့ကို ထူးခြားသည့်အတိုင်းအတာအထိ ရင်ဆိုင်နေရပါသည်။ အစိုးရမှ ၎င်းတို့အား နိုင်ငံသားခံယူခွင့်မပေးသဖြင့် ဥပဒေအရ ဖြစ်စေ လက်တွေ့ဖြစ်စေ ၎င်းတို့မှာ မည်သည့်အခါမျှ တန်းတူအဆင့်အတန်း မရနိုင်ပါ။ အစိုးရအပါအဝင် အများမှ ၎င်းတို့အား ဘင်္ဂါလီ ရွှေ့ပြောင်းနေထိုင်သူများဟု ဆိုသဖြင့် ၎င်းတို့မှာ မိမိကိုယ်ကိုယ် ရိုဟင်ဂျာဟု ပြောပိုင်ခွင့်လည်း မရှိပါ။ အကယ်တွင်မူ ရခိုင်ပြည်နယ်တွင် တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော်ပြီးသော စိစစ်ရေးစမ်းသပ်အစီအစဉ်မှ ရိုဟင်ဂျာ မူဆလင်များအား နိုင်ငံသားလျှောက်ထားလိုလျှင် မိမိကိုယ်ကိုယ် ဘင်္ဂါလီဟု အတင်းအကြပ်ပြောစေပါသည်။ ထိုသို့မပြောပါက ရပိုင်ခွင့်၊ သွားလာပိုင်ခွင့်နှင့် ဝန်ဆောင်မှုများ ရယူနိုင်မှုနည်းပါးသည့်စခန်းများတွင် ရက်အကန့်အသတ်မဲ့ ထိန်းသိမ်းခံရပါမည်။ အထူးသဖြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ရိုဟင်ဂျာဟူသည့် အခေါ်အဝေါ် သုံးသည့် အခါ ဗဟိုအဆင့်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ အစိုးရကိုယ်စားလှယ်များမှ ပြင်းထန်စွာ တုံ့ပြန်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် မေလ ကျင်းပရန် မျှော်လင့်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် နှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်သည့် အထွေထွေ ရွေးကောက်ပွဲအတွက် မဲပေးရန် အကျုံးမဝင်သူများတွင် ရိုဟင်ဂျာ မူဆလင်များလည်း ယခုပါဝင်ပါသည်။ ၂၀၁၂ ခုနှစ်မှစ၍

ရိုဟင်ဂျာမူဆလင် တစ်သိန်းကျော်သည် ပိုမိုကောင်းမွန်သည့် ဘဝရရှိရန် လေ့မျှားဖြင့် မြန်မာနိုင်ငံမှ ထွက်ပြေးသော်လည်း မကြာခဏ လူကုန်ကူးခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ မနုစ်မြို့ ဖွယ်အခြေအနေများ စသည်တို့နှင့် ရင်ဆိုင်နေရပါသည်။

တိုင်းရင်းသားလူနည်းစု ခရစ်ယာန်များအပေါ် ပစ်မှတ်ထား၍မတရားဖိနှိပ်ခြင်းများ။ ။ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ် ကဲ့သို့ ခရစ်ယာန်အများစုရှိသော ဒေသများတွင် ခွဲခြားဆက်ဆံမှုများ ဆက်လက်ကြုံတွေ့နေရပါသည်။ ကာလရှည်ကြာစွာ ကျင့်သုံးခဲ့သည့် လက်ဝါးကားတိုင်များ ဖယ်ရှားသည့် အလေ့အထကို ဆက်လက်ကျင့်သုံးနေပြီး ၂၀၁၅ ခုနှစ်တွင် ချင်းပြည်နယ်အစိုးရမှ လက်ဝါးကားတိုင်တစ်ခု ဖယ်ရှားရန်အမိန့်ပေးခဲ့ပြီး ချင်းအမျိုးသားတစ်ဦးအား ထိုကားတိုင် ထုခဲ့သည်ဟု စွပ်စွဲကာ တရားစွဲခဲ့ပါသည်။ လူမျိုးဘာသာဥပဒေကြမ်းများအား လူသိရှင်ကြားဆန့်ကျင်သူများ အကြားတွင် ချင်းအဖွဲ့အစည်းများလည်းပါဝင်ပြီး ချင်းပြည်နယ်ရှိ လူဦးရေအများစုမှာ ခရစ်ယာန်များဖြစ်သော်လည်း ဘာသာပြောင်းလဲမှု ဥပဒေကြမ်းကြောင့် ဗုဒ္ဓဘာသာဝင် နိုင်ငံတော်အရာရှိများတွင် ဘာသာကူးပြောင်းရေးခွင့်ပြုချက် ပေးရန်မပေးရန် အာဏာ ရှိသွားမည်ဟု ဆိုကြပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကချင် နှစ်ခြင်းခရစ်ယာန်အသင်းချုပ်ရှိ စေတနာ့ဝန်ထမ်း ကချင် ခရစ်ယာန် ဆရာမနှစ်ဦး ရှမ်းပြည်နယ်တွင် မုဒိမ်းကျင့်သတ်ဖြတ်ခံရပါသည်။ ဤအစီရင်ခံစာ ရေးသည့်အချိန်တွင် ရဲမှ စုံစမ်းစစ်ဆေးနေဆဲဖြစ်ပါသည်။ ထိုအမျိုးသမီးများနေထိုင်သည့် ရွာမှရွာသားများနှင့် ပတ်သက်ခြင်းမရှိကြောင်း ကချင် နှစ်ခြင်းခရစ်ယာန်အသင်းချုပ်မှ ဆုံးဖြတ်ခဲ့ပါသည်။ တိုင်းရင်းသားဒေသများတွင် ယခင်က လိင်အရ အကြမ်းဖက်မှုနှင့် အမျိုးသားအမျိုးသမီး ဖြစ်မှုအပေါ် အခြေခံ၍ အကြမ်းဖက်မှုများကို စစ်လက်နက်အဖြစ် အသုံးပြုခဲ့သည့် မြန်မာ့ တပ်မတော်မှ ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ကချင်လူမှုအသိုင်းအဝိုင်းမှ ယူဆပါသည်။ ထိုအမျိုးသမီးနှစ်ဦးမှာ ခရစ်ယာန် သာသနာပြုများဖြစ်သည့်အတွက် ၎င်းတို့အား ပစ်မှတ်ထားခဲ့သည်ဟု အချို့ကယူဆပါသည်။ ကျူးလွန်သူများကို စုံစမ်း ဖော်ထုတ်ပြီး တရားစီရင်ရန် မြန်မာအရာရှိများအား တောင်းဆိုသူ အများအပြားကြားတွင် အမေရိကန် ပြည်ထောင်စု အစိုးရလည်း ပါဝင်ပါသည်။

ဘာသာရေးဆိုင်ရာ လက်မခံမှုများနှင့် အမုန်းတရားထုတ်ဖော်ပြောဆိုမှုများ။ ။ မြန်မာနိုင်ငံတွင် အဆင့်မြင့် နိုင်ငံရေး ခေါင်းဆောင်များနှင့် ဗုဒ္ဓဘာသာခေါင်းဆောင်များမှ  မူဆလင်များအား လက်မခံသည့် ထုတ်ဖော်ပြောဆိုမှုများ တိုးပွားလျက် ရှိပါသည်။ အထူးသဖြင့် မူဆလင်ဆန့်ကျင်ရေး အမုန်းတရားနှင့် ခွဲခြားဆက်ဆံရေးအစီအစဉ် အောင်မြင်ရေး ဆောင်ရွက် နေသူများအကြားတွင် ဖြစ်သည်။ လူမှုရေးမီဒီယာအသုံးပြု၍ လက်မခံသည့်ပြောဆိုမှုများ ပိုမိုပြုလုပ်လာသဖြင့် တင်းမာမှုများ ပိုမိုပေါ်ပေါက်ကာ အကြမ်းဖက်မှုကို အားပေးခဲ့ပါသည်။ သို့ရာတွင် လက်မခံမှုမှာ အွန်လိုင်းတွင်သာမက၊ မူဆလင်များအား တိုက်ခိုက်ရန်သာ မကပါ။ မူဆလင်ဆန့်ကျင်ရေး အမုန်းတရားနှင့် ခွဲခြားဆက်ဆံမှုတို့အား ငြင်းပယ်သူ များကိုလည်း ပစ်မှတ်ထားခဲ့ကြပါသည်။ ဥပမာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အရာရှိဟောင်း ဦးထင်လင်းဦးသည် စာရေးဆရာတစ်ဦးအနေဖြင့် ၂၀၁၄ ခုနှစ် စာပေဟောပြောပွဲတစ်ခုတွင် ဘာသာရေးဆိုင်ရာအမျိုးသားရေးစိတ်ဓာတ်နှင့် ဗုဒ္ဓဘာသာတို့ကို အစွန်းရောက်ရေးအတွက် အသုံးပြုခြင်းအကြောင်း ဆန့်ကျင် ဟောပြောခဲ့သောကြောင့် ဘာသာရေး အသရေဖျက်မှုနှင့် ဘာသာရေးစိတ်ဓာတ် ထိခိုက်မှုကြောင့် ရာဇဝတ်မှုဖြင့် တရားစွဲဆို ခံနေရပါသည်။ သာသနာ စော်ကားသည်ဟု ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက စွပ်စွဲကာ အမျက်ဒေါသထွက်ပြီးနောက် NLD ပါတီမှ ၎င်းအား ရာထူးမှ ဖယ်ရှားလိုက်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် တရားဝင်ထိန်းသိမ်းလိုက်ပြီး စွဲချက်တင်လိုက်ပါသည်။ ၎င်းမှာ ထောင်ဒဏ် သုံးနှစ် ကျခံနေရပါသည်။

အမေရိကန်ပြည်ထောင်စု မူဝါဒ

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) ၏ ဥက္ကဋ္ဌ ဖြစ်ခဲ့ပါသည်။ ASEAN ဒေသခံ အစည်းအဝေးနှင့် အရှေ့အာရှ ထိပ်သီးညီလာခံတို့တွင် အမေရိကန် ပြည်ထောင်စု၏ ပါဝင်မှုကြောင့် ထိုနှစ်တွင် သမ္မတ

အိုဘားမားနှင့် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့ နှစ်ဦးအပြင် ၂၀၁၄ ခုနှစ် အမေရိကန်ပြည်ထောင်စုမှ အခြားသော အစိုးရအရာရှိများ မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရောက်ခဲ့စဉ် သမ္မတအိုဘားမား၏ ၂၀၁၄ ခုနှစ် ခရီးစဉ်တွင်ရော ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ကျင်းပခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး ဆွေးနွေးပွဲတွင်ပါ အမေရိကန်အစိုးရအဖွဲ့မှ လူသိရှင်ကြားရော နှစ်ကိုယ်ကြားပါ လူ့အခွင့်အရေးနှင့် ဘာသာရေး လွတ်လပ်မှု ပြဿနာများအား ပုံမှန်ဆွေးနွေးခဲ့ပါသည်။ သမ္မတအိုဘားမား မသွားရောက်မီတွင် အမေရိကန်အစိုးရသည် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းအား "အထူးသတ်မှတ်ထားသည့်နိုင်ငံသားများ" စာရင်းတွင်ထည့်ကြောင်း ကြေငြာခဲ့ပါသည်။ မူဆလင်များအပေါ် အကြမ်းဖက်မှုကဲ့သို့ ဘာသာရေးနှင့် လူမျိုးရေးတင်းမာမှုများ လှုံ့ဆော်သည့် လှုပ်ရှားမှုများတွင်ပါဝင်မှု အပါအဝင် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး အားနည်းစေမှုတွင် ၎င်း၏ အခန်းကဏ္ဍအတွက် အရေးယူသည့်အနေဖြင့် ထိုစာရင်းတွင် ထည့်ခြင်းဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုမှ အဓိကအားဖြင့် စီးပွားရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးမှုတို့အတွက် မြန်မာနိုင်ငံအား အစီအစဉ် အမျိုးမျိုး ပံ့ပိုးပေးပါသည်။ မြန်မာနိုင်ငံအပေါ် လက်နက်ရောင်းချမှု ဆက်လက် ပိတ်ပင်ထားသော်လည်း တပ်မတော်ချင်း စတင်ပူးပေါင်းဆောင်ရွက်ရန် အိုဘားမားအစိုးရမှ ကြိုးပမ်းခဲ့ပါသည်။ ဤသည်ကိုတုံ့ပြန်သည့်အနေဖြင့် အမေရိကန် ပြည်ထောင်စု အထက်လွှတ်တော်မှ ထိုပူးပေါင်းဆောင်ရွက်မှုအား ကြီးကြပ်ရန် ၂၀၁၅ ခုနှစ် အမျိုးသား ကာကွယ်ရေး ခွင့်ပြုချက်အက်ဥပဒေ ချမှတ်ခဲ့ပြီး ထိုအက်ဥပဒေအရ ကာကွယ်ရေးဌာန၏ ပူးပေါင်းဆောင်ရွက်မှုအား လူ့အခွင့်အရေး သင်တန်းများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ကပ်ဘေးကယ်ဆယ်ရေးတို့အတွက်သာ ဆောင်ရွက်ရန် ကန့်သတ်လိုက်ပါသည်။ ထို့အပြင် ၂၀၁၅ ငွေကြေးသုံးစွဲမှု ဥပဒေကြမ်းတွင် ပြည်ပတပ်မတော် ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတကာ တပ်မတော်ပညာပေးနှင့်သင်တန်းအတွက် ငွေကြေးထောက်ပံ့မှုတို့အား အထင်အရှား ပိတ်ပင်တားဆီး လိုက်ပါသည်။ တပ်မတော်သည် အစိုးရ၏အဓိကအစိတ်အပိုင်းတစ်ရပ် ဖြစ်နေဆဲဖြစ်ပြီး နိုင်ငံတစ်ဝန်း အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် မရှိသေးသည့်အချိန်တွင် တိုင်းရင်းသားလူနည်းစုဒေသများအတွင်းသို့ တပ်မတော်မှ ကျူးကျော်ဝင်ရောက်မှုများ ဆက်လက်ပြုလုပ်နေသည့်အတွက် မြန်မာနိုင်ငံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုမှာ အချိန်မတန်သေးကြောင်း ဝေဖန်သူများက ပြောပါသည်။

အမေရိကန်ပြည်ထောင်စုအစိုးရမှ မြန်မာနိုင်ငံအား ၁၉၉၉ ခုနှစ်မှ စ၍ CPC အဖြစ်သတ်မှတ်ခဲ့သည်မှာ မကြာသေးမီ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ ဖြစ်ပါသည်။ ဤသတ်မှတ်ချက်အတွက် နိုင်ငံတော်သမ္မတ၏ ကာလကြာဆောင်ရွက်ချက် အနေဖြင့် အထက်ဖော်ပြပါ လက်နက်ရောင်းချမှု ကန့်သတ်ရေး ဆက်လက်တည်ရှိနေပါသည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ နေပြည်တော်သို့ သွားရောက်စဉ်က USCIRF ၏ ဆွေးနွေးမှုများတွင် လွှတ်တော်အမတ်များမှ မြန်မာနိုင်ငံအား CPC စာရင်းမှ ဖယ်ရှားရန် အလားအလာအကြောင်း မေးမြန်းခဲ့ပါသည်။ ထိုအမတ်တစ်ဦးမှ ၂၀၁၅ ဖေဖော်ဝါရီလ အထက်လွှတ်တော် အစည်းအဝေးတွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီးအား ဤမေးခွန်းမေးခဲ့ပါသည်။ သို့ရာတွင် ဆွေးနွေးမှုမှာ ဘာသာရေးလွတ်လပ်မှုအခြေအနေများ တိုးတက်ကောင်းမွန်ရန် နိုင်ငံတော်မှ ဆောင်ရွက်ရန်ခြေလှမ်းများ ဆွေးနွေးမည့် အစား အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအား ချုပ်ကိုင်ရန် ကြိုးပမ်းနေသည်ဟူသော စွပ်စွဲချက်များကို ဆွေးနွေးခဲ့ ပါသည်။ ထိုဆွေးနွေးပွဲမှ CPC အနေအထား သတ်မှတ်ချက်၏ ရည်ရွယ်ချက်အား မှားယွင်းစွာဖော်ပြခဲ့သော်လည်း ဤသို့ သတ်မှတ်ခြင်းမှာ ကသိကအောက် ဖြစ်စေသည်ကို ထိုသို့ဆွေးနွေးခဲ့သည်ဟူသော အချက်က ညွှန်ပြနေပါသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် မိန့်ခွန်းပြောကြား ရာတွင် မြန်မာနိုင်ငံမှ "လူ့အခွင့်အရေးဆိုင်ရာ အဓိကပြဿနာအားလုံး" ဖြေရှင်းပြီးပြီ ဖြစ်၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ လုပ်ငန်းစဉ်မှ ဖယ်ရှားသင့်ကြောင်း အချိန်မတန်သေးဘဲ ပြောကြားစဉ်ကလည်း နိုင်ငံတကာ၏ စေ့စေ့စပ်စပ် စောင့်ကြည့်နေမှုအပေါ် အလားတူစိုးရိမ်နေကြောင်းကို တွေ့နိုင်ပါသည်။

အကြံပြုချက်များ

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုများအတွက် အရှိန်အဟုန် ကင်းမဲ့နေသည်ကို ထည့်သွင်းစဉ်းစား၍ အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာနိုင်ငံအစိုးရအား ဘာသာရေး လွတ်လပ်မှုနှင့် ၎င်းနှင့်ဆက်စပ်နေသည့် လူ့အခွင့်အရေးတို့အား ဦးစားပေးဆောင်ရွက်ရန် ဆက်လက် ဖိအားပေးသင့် ပါသည်။ အထူးသဖြင့် ရိုဟင်ဂျာ မူဆလင်များကဲ့သို့ ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများ၏ ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာတို့အား လေးစားမှုမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် အရေးပါပြီး အမေရိကန် ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအဆင့်တိုင်းတွင် ဤအချက်ကို ဆက်လက်အလေးထား ပြောဆိုသင့် ပါသည်။ USCIRF သည် အမေရိကန်ပြည်ထောင်စုအစိုးရမှ မြန်မာအစိုးရ၏ ထိပ်သီးခေါင်းဆောင်များအပေါ် အဆက်မပြတ် ဖိအားပေးကာ မြန်မာနိုင်ငံအား CPC အဖြစ် ဆက်လက်သတ်မှတ်ရန် အကြံပြုသည့်အပြင် အမေရိကန် ပြည်ထောင်စု အစိုးရမှ အောက်ပါတို့ပြုလုပ်ရန် အကြံပြုပါသည်။ ။

- IRFA ၏ အပိုဒ် 405(c) တွင် ခွင့်ပြုထားသည့်အတိုင်း တာဝန်ခံစေသည့်သဘောတူညီချက် တစ်ရပ် မြန်မာနိုင်ငံ အစိုးရနှင့်ရယူပြီး ၎င်းသဘောတူညီချက်တွင် ဘာသာရေးလွတ်လပ်ခွင့်အခြေအနေ တိုးတက်ကောင်းမွန်ရန်နှင့် အဆုံးတွင် မြန်မာနိုင်ငံအား CPC စာရင်းမှဖယ်ရှားနိုင်မည့် လမ်းကြောင်းတစ်ရပ်ဖော်ဆောင်နိုင်ရန် အရေးပါသည့် ပြုပြင်ပြောင်းလဲမှုများ အားပေးမြှင့်တင်မည့် နှစ်ဦးသဘောတူ ကတိပြုထားသည့် တာဝန်များချမှတ်ပြီး ၎င်းတာဝန်များတွင် အောက်ပါတို့သာမက ပါဝင်သင့်ပါသည်။ ။
    - o အကြမ်းဖက်မှုကျူးလွန်သူများ သို့မဟုတ် လှုံ့ဆော်သူများအား စုံစမ်းစစ်ဆေးပြီး အရေးယူခြင်း အပါအဝင် ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံသည့်မူဝါဒများ အဆုံးသပ်ရန် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ခြေလှမ်းများယူခြင်းနှင့်
    - o ဘာသာရေး သို့မဟုတ် ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်အပေါ် နိုင်ငံတကာအဆင့်အတန်းနှင့် ကိုက်ညီခြင်းမရှိသည့် ကန့်သတ်ချက်အားလုံး ဖယ်ရှားခြင်း။

- ဘာသာအမျိုးမျိုးကိုးကွယ်သူများအကြား နားလည်မှုမြှင့်တင်ပေးပြီး နိုင်ငံရေးတိုးတက်မှုများအား ဘာသာရေး သည်းခံမှုနှင့် ဘာသာရေးလွတ်လပ်ခွင့်တို့မှ အဆက်ဖြတ်လိုက်သည့်အခါ ပေါ်ပေါက်သည့်အန္တရာယ်များအား နားလည်စေရေး ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအစိုးရ၊ အထူးအဖြင့် သာသနာခေါင်းဆောင်များ အပါအဝင် ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်း၊ ဘာသာရေးလူနည်းစုများနှင့်အတူ ဘာသာရေးလွတ်လပ်ခွင့်၊ သည်းခံခြင်းတရား၊ အားလုံး၏ပါဝင်မှုနှင့် ပြန်လည်သင့်မြတ်ရေးကိစ္စများ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

- ရိုဟင်ဂျာ မူဆလင်အသိုင်းအဝိုင်းမှ ဆန္ဒအလျောက် မိမိမည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ခွင့်ကို လေးစားသည့် အနေဖြင့် လူသိရှင်ကြားဖြစ်စေ၊ လူသိရှင်ကြားမဟုတ်ဘဲဖြစ်စေ ရိုဟင်ဂျာဟူသည့်အခေါ်အဝေါ် သုံးသင့်ပါသည်။

- ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအား စိစစ်သုံးသပ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့ဖြင့်သော်၎င်း အခြားနည်းအားဖြင့်သော်၎င်း ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအတွက် အကာအကွယ် များခိုင်မာစေသည့် အရေးပါသော ဥပဒေဆိုင်ရာနှင့် ဥပဒေပြုမှု ပြုပြင်ပြောင်းလဲရေးကို အားပေးကာ ဥပဒေ စိုးမိုးရေး အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အမိပ္ပါယ်ကောက်ယူခြင်းတာဝန်များ ရှိသည့် ဒေသခံ

အစိုးရအရာရှိများ၊ ရှေ့နေများ၊ တရားသူကြီးများနှင့် လုံခြုံရေးတပ်ဖွဲ့များအား သင့်တော်သည့် သင်တန်းများ ပို့ချရေးတွင် ပံ့ပိုးသင့်ပါသည်။

- ဘာသာရေးလွတ်လပ်ခွင့်နှင့် ၄င်းနှင့်သက်ဆိုင်သည့် လူ့အခွင့်အရေးများအား ငြိမ်းချမ်းစွာ ကျင့်သုံးမှုကြောင့် ထိန်းသိမ်းခံနေရသူအားလုံးအား အကန့်အသတ်မရှိလွှတ်ပေးရေးအတွက် ဆက်လက်ပံ့ပိုးသင့်ပါသည်။

- မူဆလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုများအား လူသိရှင်ကြားလှုံ့ဆော်ခြင်း၊ ပြုမူခြင်း၊ ပံ့ပိုးခြင်း ကဲ့သို့ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ခဲ့သူ ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဘဏ္ဍာရေးဌာန နိုင်ငံခြား ပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံး (OFAC) ၏ "အထူးသတ်မှတ်ထားသည့် နိုင်ငံသားများ" စာရင်းအား ဆက်လက်၍ အထိရောက်ဆုံး အသုံးချသင့်ပါသည်။

- အထူးသဖြင့် ဘာသာရေးလွတ်လပ်ခွင့်ကို ကြီးလေးစွာချိုးဖောက်မှုများအတွက်တာဝန်ရှိသူ သို့မဟုတ် ထိုကျူးလွန်မှုများအား တိုက်ရိုက်ကျူးလွန်ခဲ့ကြောင်းသိထားသူအား အမေရိကန်ပြည်ထောင်စု ပြည်ဝင်ခွင့် ဗီဇာ သို့မဟုတ် ပြည်ဝင်ခွင့် ငြင်းပယ်ရန် IRFA အပိုင်း 604(a) အား ကျင့်သုံးသင့်ပြီး

- မြန်မာနိုင်ငံတစ်ဝန်းလုံး လူမျိုးရေးအကြမ်းဖက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အခက်အခဲများ ဆက်လက်ပေါ်ပေါက်နေသည်ကိုအခြေခံ၍ နိုင်ငံတကာ စီးပွားရေးအင်အားများ အရေးပေါ် အက်ဥပဒေအရ မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတော်အရေးပေါ် အခြေအနေအား ၂၀၁၅ ခုနှစ် မေလကျော်လွန်၍ သက်တမ်းတိုးမြှင့် သတ်မှတ်သင့်ပါသည်။